၂၀၁၅ ခုနှစ်
တက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**မြန်မာစာ** **ခွင့်ပြုချိန်(၃)နာရီ**

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ (က) အောက်ပါတို့အနက် တစ်ခု အကြောင်းကို ဖော်ပြပါ။ (၅မှတ်)
အုတ်ခွက်စာ၊ ရကောက်ပြောင်းလဲပုံ၊ ပယတ်၊ ကြိယာပစ္စည်း(၅)မျိုး၊ ပေါင်းစပ်နာမ်။

(ခ) အောက်ပါတို့မှ လေးခု ကိုရွေးချယ်၍ အနက်အဓိပ္ပာယ်အရ မည်သည့်နာမ်ဖြစ်ကြောင်း ဖော်ပြပါ။ (၄မှတ်)
မန္တလေး၊ စာအုပ်၊ မေတ္တာ၊ မိသားစု၊ သတ္တိ၊ ပြည်သူ။

(ဂ) အောက်ပါတို့မှ သုံးခု ကို ရည်ရွယ်ချက်ပြဝိဘတ်အဖြစ် ဝါကျတစ်ခုစီ၌ သုံးပြပါ။ (၆မှတ်)
ငှာ၊ အလို့ငှာ၊ ဖို့၊ အဖို့၊ အတွက်။

၂။(က) အောက်ပါဝေါဟာရတို့အနက် ငါးခု ၏အဓိပ္ပာယ်ကိုတိကျစွာဖော်ပြပါ။ (၅မှတ်)
သင်ပုတ်၊ ဆိတ်ဆိတ်၊ ရမ်းရော်၊ သမ္မန်၊ တစေ၊ ဗျာဆုံ၊ ရွက်အုပ်သီးပူ၊ ရွှေတောင်။

(ခ) အောက်ပါဝေါဟာရတို့အနက် ငါးခု ကိုဝါကျအသီးသီးတွင် သုံးပြပါ။ (၅မှတ်)
ဂါရဝ၊ မဏ္ဍပ်၊ တစ်ခဲနက်၊ အန်တု၊ ပလွား၊ မုချ၊ လောကဓံ၊ သိမ်ဖျင်း။

(ဂ) အောက်ပါအလင်္ကာတို့အနက် ငါးခု ကို သက်ဆိုင်ရာသင်ခန်းစာများတွင် မည်သို့ သုံးထားကြောင်း နှင့် အဘယ်ကြောင့် ထိုအလင်္ကာမြောက်ကြောင်း ရှင်းပြပါ။ (၁၀မှတ်)
သရဖီရွှေခိုင် (ရူပက)၊ တဏှာချုံ(ရူပက)၊ ဆန်တွင်းကနက်လွန်းလို့(ဝဏ္ဏဝတ္ထု)၊ လောင်ပန်းပွင့် (ဝဏ္ဏဝတ္ထု)၊ ပုတ်လောက် (ဥပမာ)၊ ကြက်မခွပ်သလို (ဥပမာ) ၊ ကျမျက်ရည်ချောင်းဖြစ် (အတိသယဝတ္ထု)၊ ဟူးဟူးထန် (မြည်သံစွဲ)။

၃။(က) အောက်ပါတို့မှ ငါးခု ကိုဖြေပါ။ (၅မှတ်)
(၁) ရွှေနှင့်ယိုးမှားပန်းစံကား ကဗျာတွင် မည်သည့်အရပ်ဒေသကို ရေးဖွဲ့ထားသနည်း။
(၂) မြင်စိုင်းရွှေပြည်ကဗျာကို မည်သည့်ခေတ်တွင် ရေးဖွဲ့ခဲ့သနည်း။
(၃) ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့သည် မည်သို့ကျော်ကြားသနည်း။
(၄) အိုင်ချင်း၊အဲချင်းတို့တွင် မည်သည်ကိုတွေ့နိုင်သနည်း။
(၅) ဌာနီပြည်ကြီးကဝေးသနှင့် ကဗျာသည် မည်သည့်ကဗျာအမျိုးအစား ဖြစ်သနည်း။
(၆) ဖိုးသူတော်ဦးမင်းသည် တောင်သူကြီးရုပ်ဒုံးချင်းကို အဘယ့်ကြောင့် ရေးဖွဲ့ခဲ့သနည်း။
(၇) တေးထပ်တွင် အပိုဒ်မည်မျှပါ၍ မည်သည့်စာလုံးဖြင့် အဆုံးသတ်ရသနည်း။
(၈) နှင်းကိုမြင်ခိုက်ကဗျာတွင် မည်သည့်စိတ်ခံစားကို အလေးပေးဖော်ညွှန်းထားသနည်း။

(ခ) ဘုန်းနှင့်ကံနှင့်ရွှေသဇင်ကဗျာတွင်သဇင်ပန်းသည် မြတ်ပန်းတော်ဝင်ဖြစ်ကြောင်းကို စာဆိုက မည်သို့ချီးကျူး ဖွဲ့ဆိုထားသနည်း။ (၁၀မှတ်)

(သို့မဟုတ်)

သူရဲကောင်းသုံးယောက်နှင့်ခရီးသည်ကဗျာသည် အောင်မြင်မှုအတွက်လမ်းညွှန်ကဗျာ တစ်ပုဒ်ဖြစ်ကြောင်း စိတ်ဝင်စားဖွယ် တင်ပြပါ။

[တစ်ဖက်သို့

၄။(က) အောက်ပါတို့မှ ငါးခု ဖြေပါ။ (၅မှတ်)

(၁) သိင်္ဃသူ့သမီးကျောက်စာသည်မည်သည့်ခေတ်တွင်ရေးထိုးသောကျောက်စာဖြစ်သနည်း။
(၂) ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းကို မည်သည့်ဘာသာမှ မြန်မာဘာသာပြန်ဆိုခဲ့သနည်း။
(၃) မိခင်သောကစကားပြေကို မည်သည့်ဇာတ်တော်မှ ကောက်နုတ်ထားသနည်း။
(၄) လယ်တီပဏ္ဍိတဦးမောင်ကြီးကို ရန်ကုန်တက္ကသိုလ်က မည်သည့်ဘွဲ့ပေးအပ်ခဲ့သနည်း။
(၅) မိတဆိုးရှင်ပြုစကားပြေတွင် မည်သူ၏ရှင်ပြုပွဲကို အသေးစိတ်ဖော်ပြထားသနည်း။
(၆) မောင်လူအေးအလုပ်လုပ်သည့်အရွယ်တွင် မည်သည်ကိုကြောက်ရွံစောစောထရသနည်း။
(၇) နေသူရိန်၏ ထင်ရှားသော အခြားကလောင်အမည်ကို ဖော်ပြပါ။
(၈) နေဝင်မြင်သည်ဝရွှေပြည် စကားပြေကို မည်သူရေးခဲ့သနည်း။

(ခ) သောနုတ္တရမုဆိုးနှင့်ဆဒ္ဒန်ဆင်မင်းစကားပြေမှ ဦးပုည၏ပြောင်မြောက်သော အရေးအဖွဲ့များသည် ဇာတ်လမ်းကိုမည်သို့နှစ်သက်ဖွယ်ဖြစ်လာစေကြောင်း သုံးသပ်တင်ပြပါ။ (၁၀မှတ်)

(သို့မဟုတ်)

မှန်ကန်ခြင်းနှင့်ရဲရင့်ခြင်းစကားပြေမှ ရရှိသော ဘဝအသိ၊ ဘဝသင်ခန်းစာကို မှတ်သားဖွယ်ရာ တင်ပြပါ။

၅။(က) စကားစပ် နှင့်တကွ ရှင်းပြပါ။ (၇မှတ်)

"မငြီးငွေ့လို၊နင်သည်လောက်ဆိုမင့်၊ဟိုပဲဝက်ငွေဆုံးပါစေ။တစ်ကုဋေတီတီ၊နင့်မယားကို၊ ငွေသားဖိလောက်အောင်၊ကျိုကျိုတက် ဖွေးဖွေး၊တစ်ခါတည်း ဒွေးလောက်ကဲ့၊ ငါပေးတဲ့ ငွေကုဋေကို၊ ဣန္ဒြေစောင့်ချုပ်၊ အသာယူပြီးလျှင်၊လူလုလုလုပ်လေတော့။"

(ခ) ရေသည်မိန်းမ၏ဘဝအခြေအနေ (သို့မဟုတ်) အိမ်ရှေ့မင်း၏ စရိုက်ပြောင်းလဲပုံ အဆင့်ဆင့်ကို လေ့လာတင်ပြပါ။ (၈မှတ်)

၆။ အောက်ပါတို့အနက် တစ်ခု ကိုပေးထားသော ပုံကြမ်းနှင့်အညီ စာစီကုံးပါ။ (အမှတ်၂၀)

(က) **အနှစ်သက်ဆုံး ရာသီကာလ**

နွေမိုးဆောင်းရာသီကာလသုံးပါးရှိပုံ၊ ကာလအပိုင်းအခြား၊ အနှစ်သက်ဆုံးရာသီကာလ၊ ထိုရာသီကာလ၏ပတ်ဝန်းကျင်အခြေအနေ၊ရာသီပွဲလမ်းသဘင်များ၊ ထိုရာသီကာလနှင့် ပတ်သက်သည့်ကဗျာ သီချင်းအဖွဲ့အနွဲ့များ၊အနှစ်သက်ဆုံးဖြစ်ရသည့်အကြောင်းများ။

(ခ) **ကျန်းမာပျော်ရွှင် ပညာသင်**

ကျန်းမာရေး အရေးကြီးပုံ၊ ကျန်းမာမှ ပျော်ရွှင်နိုင်ပုံ၊ ပညာသင်ချိန်တွင် ကျန်းမာရေးကို အလေးထားသင့်ပုံ၊ ကျန်းမာရေးအတွက် အားကစားနှင့်ကာယလေ့ကျင့်ခန်းများ ပြုလုပ်သင့်ပုံ၊မူးယစ်ဆေးဝါးရှောင်ရှားသင့်ပုံ၊ပညာသင်ယူရာတွင်ကျန်းမာပျော်ရွှင်ရန်လိုအပ်ပုံ။

(ဂ) **အမှတ်တရ ခရီးသွားအတွေ့အကြုံတစ်ခု**

သွားခဲ့ဖူးသော ခရီးများ၊ အမှတ်တရ ဖြစ်ရသည့် ခရီးတစ်ခု၊ ထိုခရီး သွားသည့်နေရာ၊ သွားရခြင်း အကြောင်း၊ သွားသည့်အချိန်၊ မည်သို့သွားရောက်ပုံ၊ ခရီးသွားစဉ်ကြုံတွေ့ရသော အတွေ့အကြုံများ၊ အမှတ်တရဖြစ်ရသည့်အကြောင်းများ။